# The Armed Forces

# လက်နက်ကိုင်တပ်ဖွဲ့များ

## လုံခြုံရေးကဏ္ဍအား ကောင်းမွန်သော အုပ်ချုပ်မှုအတွင်းရှိ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ

### ယခုစာစဉ်အတွဲများအကြောင်း

SSR၏ အခြေခံအကြောင်းအရာလက်စွဲများသည် (SSG) လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေး နှင့် (SSR) လုံခြုံရေးကဏ္ဍအားပြုပြင်ပြောင်းလဲရေးတို့တွင် ပါဝင်သည့် ခေါင်းစဉ်များ နှင့် အယူအဆများကို ကျစ်လစ်ပြည့်စုံစွာ မိတ်ဆက်ပေးထားပါသည်။ ယခုစာစဉ်အတွဲလိုက်သည် ယနေ့ခေတ် ငြင်းခုံဆွေးနွေးမှုများကို အနှစ်ချုပ်ဖော်ပြကာ၊ အဓိကစကားလုံး အသုံးအနှုန်းများကို ရှင်းလင်းဖော်ပြ၍၊ နိုင်ငံတကာအတွေ့အကြုံအမြောက်အများကို အခြေခံလျှက် အဓိကအချက်အချာကျသည့် အားပြိုင်မှုများကို မြင်သာအောင်ပြသပေးပါသည်။ SSR၏ အခြေခံအကြောင်းအရာလက်စွဲများသည် ကောင်းမွန်သော အုပ်ချုပ်မှုပေးရေး သို့မဟုတ် ပြုပြင်ပြောင်းလဲရေးတို့အတွက် သတ်သတ်မှတ်မှတ်ဖြစ်ပြီးသား စနစ်ပုံစံများ၊ ပေါ်လစီများ သို့မဟုတ် အကြံပြုချက်များကို ကြော်ငြာပေးခြင်းမဟုတ်ပါပဲ ဖတ်ရှုသူများက ခေါင်းစဉ်တစ်ခုခြင်းစီအပေါ်တွင် ၎င်းတို့၏အသိပညာကို တိုးချဲ့နိုင်ရန် ထပ်ဆင့်လေ့လာနိုင်မည့် ဖတ်ရှုစရာအရင်းအမြစ်များကိုသာ စီစဉ်ပေးခြင်းဖြစ်ပါသည်။ SSR၏ အခြေခံအကြောင်းအရာလက်စွဲများသည် လုံခြုံရေးဆိုင်ရာကိစ္စ၌ အုပ်ချုပ်မှုပေးရေး နှင့် ပြုပြင်ပြောင်းလဲရေးတို့တွင် ပါဝင်ပတ်သက်သူများအတွက် ကောင်းမွန်သော SSG နှင့် SSR ဆိုင်ရာ ယနေ့ခေတ်နည်းလမ်းနည်းနာများကို နားလည်သိရှိနိုင်ရုံသာမက နှိုက်နှိုက်ချွတ်ချွတ် အကဲဖြတ်နိုင်ရန်အတွက်ပါ အရင်းအမြစ်တစ်ခုပင်ဖြစ်ပါသည်။

### ဤ SSR အခြေခံအကြောင်းအရာလက်စွဲ၏ အကြောင်း

ယခု SSR အခြေခံအကြောင်းအရာလက်စွဲသည် လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့် အုပ်ချုပ်မှု (SSG) တွင်းရှိ နိုင်ငံလက်နက်ကိုင်တပ်ဖွဲ့များ၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ အကြောင်းရေးသားထားခြင်းဖြစ်ပါသည်။ လက်နက်ကိုင်တပ်ဖွဲ့များသည် နိုင်ငံနှင့် လူသားတို့၏ လုံခြုံရေးအတွက် အခြေခံအုပ်မြစ်ဖြစ်ပါသည်၊ သို့ပါသော်လည်း ယင်းတို့ တရားနည်းလမ်းတကျဖြစ်မှုနှင့် စွမ်းရည်ပြည့်ဝထိရောက်မှုတို့သည် ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးအားလေးစားမှု စသည့်မူဘောင်တစ်ခုအတွင်းမှ ယင်းတို့၏လုပ်ငန်းတာဝန်များကို တာဝန်ခံခြင်းရှိစွာဖြင့် ထမ်းရွက်ခြင်းအပေါ်တွင် မူတည်နေပါသည်။ နိုင်ငံနှင့် လူသားတို့၏ လုံခြုံရေးအကျိုးအလို့ငှာ ကောင်းမွန်သော SSG က တာဝန်ခံခြင်းနှင့် ထိရောက်မှုရှိခြင်း နှစ်ခုစလုံးအား မည်ကဲ့သို့ တိုးတက်စေနိုင်ကြောင်း ယခုအခြေခံအကြောင်းအရာလက်စွဲက ရှင်းလင်းဖော်ပြပေးပါသည်။

### ဤ SSR အခြေခံအကြောင်းအရာလက်စွဲသည် အောက်ပါမေးခွန်းများကို ဖြေဆိုပေးပါသည်-


- လက်နက်ကိုင်တပ်ဖွဲ့များမှာ အဘယ်အရာများ ဖြစ်သနည်း? *စာမျက်နှာ ၂*
- ကောင်းမွန်သော SSG တွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ အခန်းကဏ္ဍကား အဘယ်နည်း? *စာမျက်နှာ ၃*
- လက်နက်ကိုင်တပ်ဖွဲ့များအား ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှုသည် ကောင်းမွန်သော SSG အတွက် မည်ကဲ့သို့ အကျိုးပြုသနည်း? *စာမျက်နှာ ၄*
- လက်နက်ကိုင်တပ်ဖွဲ့များအား ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှုအတွက် စံပြအင်္ဂါရပ်များကား အဘယ်နည်း? *စာမျက်နှာ ၆*
- ထိရောက်သော ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှုအား လက်နက်ကိုင်တပ်ဖွဲ့များက မည်သို့အကျိုးပြုသနည်း? *စာမျက်နှာ ၈*
- လက်နက်ကိုင်တပ်ဖွဲ့များအပေါ် SSR က မည်သို့အကျိုးသက်ရောက်မှုရှိသနည်း? *စာမျက်နှာ ၈*


DCAF
a centre for security,
development and
the rule of law

## လက်နက်ကိုင်တပ်ဖွဲ့များမှာ အဘယ်အရာများ ဖြစ်သနည်း?

**လက်နက်ကိုင်တပ်ဖွဲ့များ ဟူသည်မှာ ပြင်ပခြိမ်းခြောက်မှုရန်များနှင့် ပြည်တွင်းပဋိပက္ခများအား ရင်ဆိုင်ရန် နိုင်ငံကာကွယ်ရေးဆိုသည့် အဓိကရည်ရွယ်ချက်အတွက် နိုင်ငံက တည်ထောင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများပင်ဖြစ်ပါသည်။** လက်နက်ကိုင်တပ်ဖွဲ့များ၏ ပေါင်းစပ်ဖွဲ့စည်းမှုသည် အခြေအနေအရပ်ရပ်အကြား အလွန်းကြီးမားစွာ ကွာဟနိုင်ပါသည်။

လက်နက်ကိုင်တပ်ဖွဲ့များတွင် အောက်ပါ အချို့သော (သို့) အားလုံးသော အဖွဲ့အစည်းများ ပါဝင်နိုင်ဖွယ်ရှိပါသည် -

– ***စစ်တပ်၏ ပုံမှန်တပ်ဖွဲ့များ -*** တိုက်ပွဲအတွက်အဆင်သင့်ဖြစ်နေစေရန် အဓိကရည်ရွယ် ဖွဲ့စည်းထားသည့် စစ်ဘက်ဆိုင်ရာအဖွဲ့အစည်း များ – ဥပမာ ကြည်းတပ်များ၊ ရေတပ်များ၊ ရေပြင်မြေပြင်တပ်များ၊ လေတပ်များ၊ နယ်ခြားစောင့်တပ်များနှင့် သမ္မတသက်တော်စောင့်တပ်များ၊ အထက်ပါတို့၏ စစ်ဘက်ရေးရာ အထောက်အကူပြု လုပ်ငန်းများအားလုံးပါဝင်ပါသည်။ ယင်းတပ်ဖွဲ့များသည် လုပ်ငန်းပိုင်းကျွမ်းကျင်သူ များနှင့်ဖွဲ့ထားခြင်းဖြစ်နိုင်သကဲ့သို့ သို့မဟုတ် စစ်မှုမထမ်းမနေရဆင့် ခေါ်ခြင်းအပေါ်အခြေခံထားခြင်း၊ သို့မဟုတ် လုပ်ငန်းကျွမ်းကျင် ယူနီဖောင်းဝတ် ဝန်ထမ်းများ၊ အရပ်ဘက် လုပ်ငန်းကျွမ်းကျင်သူ ဝန်ထမ်းများ သို့မဟုတ်/နှင့် လုပ်ငန်းမကျွမ်းကျင်သေးသည့် ယူနီဖောင်းဝတ် စစ်မှုမထမ်းမနေရထမ်းသူများ စသည်တို့အား စုပေါင်းပါဝင်စေခြင်းများ ဖြစ်နိုင်ပါသည်။

– ***စစ်တပ်၏ အကူတပ်များ -*** စစ်တပ်၏ ပုံမှန်တပ်ဖွဲ့များ အခြေအနေအမျိုးမျိုးအောက် ကျရောက်နေသောအခါ ထောက်ကူပေးရန် အတတ်ပညာရှင် လုံခြုံရေးတပ်ဖွဲ့များ ခေါ်ယူနိုင်ပါသည် - ဥပမာ ရဲအဖွဲ့များ၊ ရဲတာဝန်ထမ်း စစ်သည်အဖွဲ့ (gendarmeries)၊ နယ်ခြားစောင့်တပ်ဖွဲ့များ၊ ကမ်းခြေစောင့်တပ်ဖွဲ့များ၊ အနီးကပ်စောင့်ရှောက်ရေးတပ်ဖွဲ့များ၊ ရေကြောင်းကုန်စည်ပို့ဆောင်ရေးများ သို့မဟုတ် ရေတပ်များ၊ ဆက်သွယ်ရေးအထောက်ကူပြု၊ ဝေဟင်ကင်းလှည့်မှုများ၊ သိပ္ပံအချက်အလက်နှင့် ထောက်လှမ်းရေး အထူးပြုလုပ်ငန်းများ၊ အဖွဲ့အစည်းဆိုင်ရာကွပ်ကဲရေးများ၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်များ၊ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးပိုင်း အဖွဲ့အစည်းဌာနများနှင့် အခြားအလားတူသော အဖွဲ့များဖြစ်ကြပါသည်။ ယင်းကဲ့သို့သော အင်အားစုများမှာ စစ်ဘက်မှဖြစ်နိုင်သလို၊ အရပ်ဘက်မှလည်းဖြစ်နိုင်ကာ သို့မဟုတ် နှစ်မျိုးစပ်ပေါင်းထားခြင်း ဖြစ်နိုင်သကဲ့သို့၊ စစ်ဘက်ပိုင်းဆိုင်ရာ စည်းကမ်းဥပဒေများအောက်တွင်ရှိခြင်းလည်း ဖြစ်နိုင်ပါသည်။

– ***စစ်တပ်၏ အရန်တပ်ဖွဲ့များ -*** ပုံမှန်စစ်တပ်အား အားဖြည့်ပေးရန် ခေါ်ယူနိုင်သည့် စေတနာ့ဝန် ထမ်းများ သို့မဟုတ် မဖြစ်မနေတာဝန်ထမ်းဆောင်ရမည့်သူများပါဝင်သည့် စစ်တပ်၏ တပ်ဖွဲ့များဖြစ်ပါသည် – ဥပမာ အရန်ကြည်းတပ်၊ အရန်ရေတပ်၊ အရန်လေတပ်၊ အထူးဗျူဟာရဲတပ်ဖွဲ့၊ နိုင်ငံအစောင့်တပ်ဖွဲ့နှင့် နယ်မြေစောင့်တပ်ဖွဲ့၊ ပြည်သူ့စစ်နှင့် ဌာနေပြည်ကာကွယ်ရေးတပ်ဖွဲ့များ၊ အခြားသော အလားတူတပ်ဖွဲ့များ ဖြစ်ပါသည်။.

**လက်နက်ကိုင်တပ်ဖွဲ့များ နှင့် လက်နက်တပ်ဆင်ထားသော အင်အားစုများ** လက်နက်ကိုင်တပ်ဖွဲ့များသည်သာ လက်နက်တပ်ဆင်ထားသည့် အဖွဲ့များမဟုတ်ပါ၊ သို့သော် လက်နက်တပ်ဆင်ထားသူ မည်သည့်အဖွဲ့ သို့မဟုတ် မည်သည့်နိုင်ငံပိုင်လုံခြုံရေးဆောင်ရွက်သူမဆိုသည် လက်နက်ကိုင်တပ်ဖွဲ့များ၏ အစိတ်အပိုင်း အလိုအလျောက်ဖြစ်မလာပါ။

နိုင်ငံ့ဥပဒေတွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ အစိတ်အပိုင်းအဖြစ် ပါဝင်လေ့မရှိသည့် လက်နက်ကိုင်အုပ်စု အဓိကအတန်းအစားများတွင် လက်နက်ကိုင်ရဲအဖွဲ့နှင့် ဥပဒေအာဏာသက်ရောက်စေရေး (တရားဥပဒေစိုးမိုးရေး) အာဏာပိုင်များ အစရှိသည့် နိုင်ငံ့လုံခြုံရေးအား ပြည်တွင်းတွင် ဆောင်ရွက်ပေးသူများ၊ ထို့ပြင် ရပ်ရွာအသိုက်အဝန်းကာကွယ်ရေးအဖွဲ့များနှင့် စီးပွားဖြစ်လုံခြုံရေးဆောင်ရွက်ပေးသူများ အစရှိသည့် နိုင်ငံအနေနှင့်မဟုတ်သည့် လုံခြုံရေးဆောင်ရွက်ပေးသူများ၊ ထို့နောက် ရာဇဝတ်မှုကျူးလွန်ရန် သို့မဟုတ် နိုင်ငံရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက် တရားမဝင်လက်နက်ကိုင်ဆောင်သည့် လက်နက်ကိုင်အုပ်စုများ စသည်တို့ပါဝင်ပါသည်။

ယင်းဆောင်ရွက်လုပ်ကိုင်သူများသည် လက်နက်ကိုင်တပ်ဖွဲ့များ၏ အစိတ်အပိုင်းအဖြစ် သတ်မှတ်မခံရသော်လည်း ၎င်းဆောင်ရွက်လုပ်ကိုင်သူအားလုံးကို လုံခြုံရေးကဏ္ဍ၏ အစိတ်အပိုင်းအဖြစ် ထည့်သွင်းစဉ်းစားနိုင်ရာ ၎င်းတို့၏ရပ်တည်မှုနှင့် လုပ်ငန်းဆောင်တာတို့သည် SSG အား အကျိုးသက်ရောက်မှုရှိပါသည်။ ယင်းအကြောင်းကြောင့်ပင် ကာကွယ်ရေးအား ပြုပြင်ပြောင်းလဲရေးနှင့် SSR တို့အတွက် အားလုံးခြုံငုံ၍ ပါဝင်သော နည်းလမ်းအဖြစ်ဖြင့် ၎င်းတို့၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများအား ယူဆသင့်ပါသည်။

SSG တွင် အမျိုးမျိုးသော လုံခြုံရေးကဏ္ဍ လုပ်ကိုင်ဆောင်ရွက်သူများနှင့် ၎င်းတို့၏ အခန်းကဏ္ဍများကို ထပ်ဆင့်သိရှိလိုပါက SSR အခြေခံအကြောင်းအရာလက်စွဲဖြစ်သည့် "လုံခြုံရေးကဏ္ဍ" ကို ကျေးဇူးပြု၍ ကိုးကားပါ။

**လက်နက်ကိုင်တပ်ဖွဲ့များ၏ ပါဝင်ဖွဲ့စည်းမှုအမျိုးမျိုးသည် နိုင်ငံတိုင်းတွင်ရှိ ဥပဒေပိုင်းဆိုင်ရာ ပြဋ္ဌာန်းထားချက်များအပေါ် မူတည်ပါသည်။** သို့ဖြစ်သော်လည်း စစ်မက်ဖြစ်ပွားနေချိန်အတောအတွင်း နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေ၊ ထို့ပြင် နိုင်ငံတကာ သဘောတူညီချက် ဂျီနီဗာကော်ဗင်းရှင်း နှင့် အခြားသော လုပ်ထုံးလုပ်နည်းများသည် ထိရောက်သောကွပ်ကဲမှုလက်အောက်ရှိ မည်သည့်လက်နက်ကိုင်အဖွဲ့ကိုမဆို နိုင်ငံ၏ လက်နက်ကိုင်အဖွဲ့အစည်းများ၏ အစိတ်အပိုင်းအဖြစ် ယူမှတ်မည်ဖြစ်ရာ နိုင်ငံ၏ဥပဒေတွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ အစိတ်ပိုင်းအဖြစ် ဖွင့်ဆိုထားသည်ဖြစ်စေ မဖြစ်စေ၊ ထို့ပြင် ၎င်းတို့သည် စစ်တပ်၏ ပုံမှန်တပ်ဖွဲ့များ ဟုတ်ခြင်း မဟုတ်ခြင်း စသည်တို့အပေါ်တွင် မူတည်မည်မဟုတ်ပေ။

လက်နက်ကိုင်တပ်ဖွဲ့များသည် နိုင်ငံကာကွယ်ရေးကဏ္ဍ၏ အစိတ်အပိုင်းဖြစ်ပြီး၊ နိုင်ငံ၏လုံခြုံရေးကို ဆောင်ရွက်၊ စီမံခန့်ခွဲပြီး ကြီးကြပ်ပေးနေသည့် အားလုံးသော ဆောင်ရွက်လုပ်ကိုင်သူများနှင့် အဖွဲ့အစည်းများပါဝင်ပါသည်။ **လက်နက်ကိုင်တပ်ဖွဲ့များနှင့် ကာကွယ်ရေးကဏ္ဍတို့၏ အစိတ်အပိုင်းများဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်တို့မှာ နိုင်ငံတိုင်း၏ သမိုင်းနောက်ခံ၊ ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်းတို့အပေါ်တွင်မူတည်လျက်ရှိသော်လည်း ကောင်းမွန်သောအုပ်ချုပ်မှု၏ အခြေခံမှုများကို စနစ်ပုံစံအားလုံးတွင် သက်ရောက်စေနိုင်ပါသည်။** SSR စကားရပ်ဖြင့်ပြောရလျှင် ယင်းမှာ ကာကွယ်ရေးအားပြုပြင်ပြောင်းလဲရေး၏ ရည်မှန်းချက်ပန်းတိုင်ပင်ဖြစ်သည်။ SSR နှင့် ပတ်သက်၍ ထပ်မံသိရှိလိုပါက SSR အခြေခံအကြောင်းအရာလက်စွဲဖြစ်သည့် "လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး" ကိုကျေးဇူးပြု၍ကြည့်ပါ။

## ကောင်းမွန်သော SSG တွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ အခန်းကဏ္ဍကား အဘယ်နည်း?

ကောင်းမွန်သော SSG အခြေအနေများအောက်တွင် လက်နက်ကိုင်တပ်ဖွဲ့များသည် ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးအားလေးစားမှု စသည့်မူဘောင်တစ်ရပ်အတွင်း ယင်းတို့၏ အခြေခံဥပဒေဆိုင်ရာ တရားဝင်အခန်းကဏ္ဍကို ထိရောက်ရှိစွာနှင့် တာဝန်ခံမှုရှိစွာ ထမ်းဆောင်ရွက်ကြပါသည်။ **ကောင်းမွန်သော SSG က ဆိုလိုနေသည်မှာ လက်နက်ကိုင်တပ်ဖွဲ့များသည် ပြည်သူလူထုနှင့် နိုင်ငံအတွက် အန္တရာယ်တစ်ခု ဖြစ်မလာပဲ ၎င်းတို့၏လုပ်ငန်းတာဝန်များကို အပြည့်အဝထမ်းဆောင်ရန် လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှုများ၊ ပစ္စည်းကိရိယာများ၊ လေ့ကျင့်သင်ကြားမှုများနှင့် စီမံခန့်ခွဲမှုစွမ်းရည်များ ၎င်းတို့တွင်ရှိကြောင်းဖြစ်ပါသည်။**

**လက်နက်ကိုင်တပ်ဖွဲ့များ၏ အဓိကဦးတည်ချက်မှာ နိုင်ငံအားကာကွယ်ရေး ဖြစ်ပါသည်။** အတိတ်တွင် လက်နက်ကိုင်တပ်ဖွဲ့များသည် ပိုမိုကျယ်ပြန့်သည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပါသည်၊ နိုင်ငံ၏ စည်းဝိုင်းအား ကျူးကျော်လာခြင်းမှ ကာကွယ်ပေးရုံသာမက ရန်စကျူးကျော်တိုက်ခိုက်ခြင်းများကဲ့သို့သော စစ်မက်ရေးရာများကိုလည်းလုပ်ဆောင်ရာတွင် တစ်ခါတစ်ယံ စစ်ဘက်ပိုင်းဆိုင်ရာ မဟာမိတ်ဖွဲ့ပူးပေါင်းထားသောအခြေအနေတွင်ဖြစ်ပါသည်။ သို့ဖြစ်သော်လည်း လက်ရှိနိုင်ငံတကာရေးရာများတွင် ကျူးကျော်တိုက်ခိုက်ခြင်းများသည် အလွန်ပင်နည်းပါးလာကာ ရန်စကျူးကျော်မှုလုပ်ရပ်များသည် နိုင်ငံတကာဥပဒေအောက်တွင် တရားမဝင်ပါ။ ယင်းဦးတည်ချက်ရေစီးကြောင်းများ၏ ရလဒ်အနေဖြင့် ထို့ပြင် လက်နက်ကိုင်တပ်ဖွဲ့များနှင့် လူ့အဖွဲ့အစည်းအကြား ဆက်ဆံရေး အပြောင်းအလဲရလဒ်အနေဖြင့် လက်နက်ကိုင်တပ်ဖွဲ့များသည် ယနေ့ခေတ်တွင် နိုင်ငံကာကွယ်ရေးကိုသာ ပုံမှန်အားဖြင့် အလေးပေးကြပါသည်။

– **ပြည်တွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးအား ဆောင်ရွက်ပေးရန် လက်နက်ကိုင်တပ်ဖွဲ့များတွင် ဒုတိယမြောက် လုပ်ငန်းတာဝန်များလည်းရှိပါသည်။** ပြည်တွင်းလုံခြုံရေးဆောင်ရွက်ပေးသူများ စွမ်းဆောင်နိုင်ရည်ထက်ကျော်လွန်လာသည့် နိုင်ငံနှင့် လူထုအား ပြင်းထန်သည့် ပြည်တွင်းခြိမ်းခြောက်မှုများအား ပြန်လည်တုံ့ပြန်ခြင်းတွင်သာ ယခုအခန်းကဏ္ဍအားအသုံးပြုရန် အတိတ်တွင် မကြာခဏ ကန့်သတ်ထားခဲ့ပါသည် - ဥပမာ သောင်ကြမ်းသူများ သို့မဟုတ် ခွဲထွက်ရေးလှုပ်ရှားမှု တို့၏ အန္တရာယ်များနှင့် အခြားအလားတူ အရာများ တို့ဖြစ်ကြပါသည်။ ယနေ့ခေတ် ပြည်တွင်းလုံခြုံရေးအား အန္တရာယ်ပေးခြိမ်းခြောက်မှုများ ထို့ပြင် စစ်တပ်အား လုပ်ငန်းအတတ်ပညာ၊ အသိပညာပိုင်း စွမ်းရည်ပြည့်ဝစေခြင်းနှင့် လူ့အဖွဲ့အစည်းအတွင်း ယင်း၏ အစဉ်ပြောင်းလဲနေသော အခန်းကဏ္ဍ စသည်တို့သည် အရပ်ဘက်အဓိကလုပ်ငန်းများအတွက် ဖြည့်စွက်ဆောင်ရွက်ပေးရန် လက်နက်ကိုင်တပ်ဖွဲ့များ၏ အဖွဲ့အစည်း၊ အရွယ်အစား၊ ပစ္စည်းကိရိယာများနှင့် စွမ်းဆောင်ရည်များ စသည့်ကောင်းစွာသင့်တော်သည့် အခြေအနေများတွင် လက်နက်ကိုင်တပ်ဖွဲ့များအား တိုး၍အကူညီတောင်းခံလာကြပါသည်။ ပြည်တွင်လုံခြုံရေးတွင် ဒုတိယမြောက်လုပ်ငန်းတာဝန်များတွင်ပါဝင်နိုင်ခြေရှိသည်များမှာ-

– ဥပဒေအာဏာသက်ရောက်စေရေးလုပ်ငန်းတွင် အထောက်အကူပေးခြင်း - ဥပမာ ငြိမ်းဝပ်ပိပြားရေး လုပ်ငန်းများ၊ နယ်စပ်ထိန်းချုပ်မှု၊ မူးရစ်ဆေးထိန်းချုပ်မှု၊ မှုခင်းစုံးစမ်းစစ်ဆေးခြင်း၊ အင်တာနက်ဆိုင်ရာလုပ်ငန်းများ၊ သတင်းထောက်လှမ်းရေး အချက်အလက်စုဆောင်းခြင်း

– အရပ်သားများအား ကာကွယ်ရေး - နိုင်ငံ၏အရေးပေါ်အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်များအား ရင်ဆိုင်တုံ့ပြန်ခြင်း

– စောင့်ရှောက်ကာကွယ်ရေး အလုပ်များ၊ ဥပမာ အရေးကြီးသည့် အခြေခံအဆောက်အဦများ၊ အရေးကြီးပုဂ္ဂိုလ်များ၊ သို့မဟုတ် အလွန်ကြီးမားသည့် အများပြည်သူဆိုင်ရာ ပွဲများ၊

– လုံခြုံရေးနှင့်မသက်ဆိုင်သည့် အထောက်ကူပြု အလုပ်များ၊ ဥပမာ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး၊ လေ့ကျင့်သင်ကြားခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းခြင်း၊ ကိရိယာပစ္စည်းများနှင့် လိုအပ်သည့်အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း၊ သိပ္ပံပညာရပ်ဆိုင်ရာ သုတေသန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊

– ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတာဝန်များ၊ ဥပမာ အခြေခံအဆောက်အဦနှင့် အင်ဂျင်နီယာလုပ်ငန်း စီမံကိန်းများ၊ စိုက်ပျိုးရိတ်သိမ်းရေး အထောက်အကူပြုနှင့် ပညာရေး အစီအစဉ်များ၊ အခြားသော အလားတူများ၊

**နိုင်ငံတကာလုံခြုံရေးတွင် လက်နက်ကိုင်တပ်ဖွဲ့များသည်လည်း ပါဝင်မှုမြင့်မားလာပါသည်** - ဥပမာ ငြိမ်းချမ်းရေးထိန်းသိမ်းရေးနှင့် ငြိမ်းချမ်းရေးအထောက်အကူပြု အထူးလုပ်ငန်းများ၊ နိုင်ဖြတ်ကျော်လုံခြုံရေး ခြိမ်းခြောက်မှုများအား နိုင်ငံတကာ၏ တုံ့ပြန်ဆောင်ရွက်မှုများ - ဥပမာ လက်နက်ပြန့်ပွားခြင်း၊ အကြမ်းဖက်မှုနှင့် အကွက်ချ၍ အုပ်စုဖြင့်ကျူးလွန်သော ရာဇဝတ်မှုများ၊ အခြားသော တူညီသည့်အရာများ စသည်တို့ဖြစ်ကြပါသည်။

**အသစ်သော အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများသည် လက်နက်ကိုင်တပ်ဖွဲ့များအတွက် ၎င်းတို့၏စွမ်းဆောင်ရည်များကို ချဲ့ထွင်လျက် ၎င်းတို့၏ သင့်တော်အရေးပါမှုအား သက်သေပြရန် အခွင့်အလမ်းများကို ဖြစ်စေပါသည်။ သို့ဖြစ်သော်လည်း နိုင်ငံတွင်းနှင့် နိုင်ငံတကာ လုံခြုံရေးအတွက် အသစ်ဖြစ်သော အခန်းကဏ္ဍများသည် လက်နက်ကိုင်တပ်ဖွဲ့များအတွက် လုံလုံလောက်လောက် ပြင်ဆင်မထားသည့် အသစ်သော အခက်အခဲတောင်းဆိုမှုများကိုလည်း တိုးပွားစေပါသည်။ တစ်ချိန်တည်းတွင် နိုင်ငံတွင်းနှင့် နိုင်ငံတကာ လုံခြုံရေး၏ အသစ်သော အခန်းကဏ္ဍများသည် လုပ်ပိုင်ခွင့်ကို မှားယွင်းစွာအသုံးပြုခြင်းနှင့် မတော်လျော်စွာ အသုံးပြုခြင်းကဲ့သို့သော အန္တရာယ်များကိုလည်း ဖြစ်ပေါ်စေပါသည်** - ဥပမာ ဥပဒေအာဏာသက်ရောက်စေရေးအပိုင်းကို စစ်တပ်အသွင်ပြောင်းယူခြင်း စစ်တပ်အင်အားကို လွဲမှားစွာ အသုံးချခြင်း၊ နိုင်ငံရေးကိစ္စများကို မသင့်လျော်စွာ လွှမ်းမိုးမှုပြုခြင်း၊ အရပ်သားများလုံခြုံရေးနှင့် စစ်တပ်လုံခြုံရေးအကြား ချိန်ခွင်မညီသော ပြည်သူ့ဘဏ္ဍာငွေချပေးမှု၊ နိုင်ငံကာကွယ်ရေး အဓိကလုပ်ငန်းတာဝန်များအတွက် စစ်ရေးအရ အဆင်သင့်ဖြစ်မှုအပေါ်တွင် ထိခိုက်အန္တရာယ်ဖြစ်စေသော သက်ရောက်မှု စသည်တို့ဖြစ်ပါသည်။

**နိုင်ငံပေါင်းများစွာရှိ လက်နက်ကိုင်တပ်ဖွဲ့များ၏ အခန်းကဏ္ဍအား ပြောင်းလဲခြင်းနှင့် ဆက်ဆိုင်သည့် စိန်ခေါ်မှုများနှင့် ဖြစ်လာနိုင်သောအန္တရာယ်များက ကောင်းမွန်သော SSG ကို လိုအပ်ကြောင်း အလေးပေးဖော်ပြနေပါသည်။** ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးအားလေးစားမှု မူဘောင်တစ်ခုအတွင်းမှ လက်နက်ကိုင်တပ်ဖွဲ့များသည် ထိရောက်စွာနှင့် တာဝန်ခံခြင်းဖြင့် ဆောင်ရွက်နိုင်စေရန် ကောင်းမွန်သော SSG က သေချာစေပါသည်။

## လက်နက်ကိုင်တပ်ဖွဲ့များအား ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှုသည် ကောင်းမွန်သော SSG အတွက် မည်ကဲ့သို့ အကျိုးပြုသနည်း?

လက်နက်ကိုင်တပ်ဖွဲ့များသည် နိုင်ငံ့အခြားအဖွဲ့အစည်းများနှင့်မတူပဲ အခြားသော မည်သည့်အဖွဲ့အစည်းကိုမျှ လုပ်ဆောင်ခွင့်ပေးမထားသည့် အရာများကို လုပ်ဆောင်ရန် ခွင့်ပြုခံထားရပါသည် (ဥပမာ သေကြေနိုင်သည့် တိုက်ခိုက်ခြင်း အင်အား အသုံးပြုမှု)၊ ယင်း၏ အရာထမ်းအမှုထမ်းများသည်လည်း အခြားသောအဖွဲ့အစည်းဝန်ထမ်းများ လုပ်ဆောင်စရာမလိုသည့် အရာများကို ဆောင်ရွက်ရပါသည် (ဥပမာ စစ်တပ် စည်းကမ်းဥပဒေအတိုင်းလိုက်နာရပြီး တာဝန်အတွက် ၎င်းတို့၏ဘဝများကို စွန့်လွှတ်အနစ်နာခံရခြင်း)။ **ယင်းအထူးအခွင့်အရေးနှင့် အထူးတာဝန်ဝတ္တရားများက လက်နက်ကိုင်တပ်ဖွဲ့များကို အလွန်ပင် အင်အားကောင်းစေသည့်အတွက်ကြောင့် လူ့အခွင့်အရေးအားလေးစားကာ ကောင်းမွန်သော SSG အခြေခံမှုများဖြင့် ယင်းလုပ်ပိုင်ခွင့်အင်အားကို အသုံးပြုပြီး နိုင်ငံနှင့် လူသားတို့လုံခြုံရေးကို ထိရောက်စွာနှင့် တာဝန်ခံ၍ ဆောင်ရွက်ပေးနိုင်ရေး သေချာမှုရှိစေရန် ဒီမိုကရေစီနည်းကျ စွမ်းရည်ပြည့်ဝသည့်အရပ်ဘက်ထိန်းချုပ်မှု စနစ်တစ်ခု လိုအပ်ပါသည်။**

လက်နက်ကိုင်တပ်ဖွဲ့များအား ဒီမိုကရေစီနည်းကျ စွမ်းရည်ပြည့်ဝသည့် အရပ်ဘက်ထိန်းချုပ်မှု စနစ်တစ်ခုသည် ကောင်းမွန်သော SSG ၏ နောက်ခံကျောရိုးဖြစ်ရာ အောက်ပါအကြောင်းအရင်းများကြောင့်ဖြစ်ပါသည် -

– ***လုံခြုံရေးဆောင်ရွက်ပေးရာတွင် ထိရောက်မှု*** - ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု စနစ်တစ်ခုသည် လက်နက်ကိုင်တပ်ဖွဲ့များ ၎င်းတို့၏ တာဝန်ဝတ္တရားကို ထိရောက်စွာ ဆောင်ရွက်ဖြည့်ဆည်းနိုင်ရန် အလို့ငှာ ရှင်းလင်းစွာအဓိပ္ပာယ်သတ်မှတ်ထားသည့် လုပ်ငန်းပိုင်းအံ့ဝင်ခွင်ကျသည့် ကွပ်ကဲမှုအဆင့်ဆင့်အား ပံ့ပိုးပေးပါသည် - ယင်းသည် တိကျတင်းကျပ်သည့် စည်းကမ်းကျပ်မတ်မှုများအား သက်ရောက်မှုရှိစေပြီး ပုဂ္ဂိုလ်ရေးနှင့် အုပ်စုဖြင့်ထိန်းချုပ်ကြီးစိုးကာ ဆုံးဖြတ်ချက်များချမှတ်ခြင်းအား ရှောင်လွှဲနိုင်ရန် အဖွဲ့အစည်းတွင်း ထိန်းချုပ်မှုစနစ်ယန္တရားကို အသက်ဝင်စေပါသည်။

– ***နိုင်ငံရေးအရကြားနေမှု*** - ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု စနစ်တစ်ခုသည် လက်နက်ကိုင်တပ်ဖွဲ့များ စွမ်းရည်ပြည့်ဝစေရန် လိုအပ်သည့် လုပ်ငန်းခွင်ဆိုင်ရာ လွတ်လပ်မှု ပေးထားရာ တစ်ချိန်းတည်းတွင် ဒိမိုကရေးစီနည်းကျ အရပ်ဘက်အစိုးရ၏ နိုင်ငံရေး အာဏာကိုလည်း အာမခံထိန်းသိမ်းပေထားပါသည်။

– ***လူ့အခွင့်အရေးအား ကာကွယ်စောင့်ရှောက်မှု*** - ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်း ချုပ်မှု စနစ်တစ်ခုသည် ပြည်သူလူထု သို့မဟုတ် လက်နက်ကိုင်တပ်ဖွဲ့များနှင့် ကျယ်ပြန့်သော လုံခြုံရေးကဏ္ဍတို့ရှိ အမျိုးသားနှင့် အမျိုးသမီးများတို့၏ လူ့အခွင့်အရေးအား ချိုးဖောက်မှုများအား ဟန့်တားကာ စည်းကမ်းကျပ်မတ်နိုင်ရန် လိုအပ်သော အဖွဲ့အစည်းဆိုင်ရာ အရင်းအမြစ်များ၊ စည်းကမ်းများ၊ လေ့ကျင့်သင်ကြားမှုများနှင့် ကြီးကြပ်ထိန်းချုပ်မှုများကို ပေးစွမ်းနိုင်ပါသည်။

– ***တာဝန်ခံမှု*** - ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု စနစ်တစ်ခုသည် နိုင်ငံ၏ စစ်တပ်အင်အားအသုံးပြုမှုအပေါ် အပြန်အလှန်ထိန်းကျောင်းခြင်းအား ဖြစ်ပေါ်စေပြီး အရပ်ဘက်နှင့် စစ်ဘက်ခေါင်းဆောင်များ အရာရှိများကို ၎င်းတို့၏ ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များအတွက် တာဝန်ခံစေပါသည်။

▶ **လုံခြုံရေးကဏ္ဍအပေါ် ကောင်းမွန်သည့် အုပ်ချုပ်မှု (SSG) နှင့် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး (SSR)** ကောင်းမွန်သော SSG က ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်ပေးခြင်းအား ကောင်းမွန်သည့် အုပ်ချုပ်မှု အခြေခံမှုများက မည်သို့ လွှမ်းမိုးသက်ရောက်သည်ကို ဖော်ပြပေးပါသည်။ ကောင်းမွန်သည့်အုပ် ချုပ်ရေးအခြေခံမှုများမှာ တာဝန်ခံခြင်းရှိမှု၊ ပွင့်လင်းမြင်သာမှု၊ တရားဥပဒေစိုးမိုးမှု၊ အများပါဝင်ဆောင်ရွက်နိုင်မှု၊ လျှင်မြန် ကောင်းမွန်သည့်တုံ့ပြန်နိုင်စွမ်း၊ ထိရောက်မှုနှင့် စွမ်းဆောင်ရည် ပြည့်ဝမှု စသည်တို့ဖြစ်ပါသည်။ ထို့ကြောင့် ကောင်းမွန်သော SSG ဟူသည်မှာ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် နိုင်ငံ၏လုံခြုံရေးကဏ္ဍက မည်သို့လုပ်ဆောင်သင့်သည်ကို သတ်မှတ်ပေးသည့်စံနှုန်းတစ်ခု ဖြစ်ပါသည်။

**လုံခြုံရေးကဏ္ဍ** တွင် နိုင်ငံအဆင့် နှင့် ဒေသန္တရအဆင့်ဆင့်တို့ရှိ လုံခြုံရေးအား ဆောင်ရွက်၊ စီမံကာ ကြီးကြပ်ထိန်းချုပ်ပေးရန် တာဝန်ရှိသော ဖွဲ့စည်းတည်ဆောက်ပုံများ၊ အဖွဲ့အစည်းများ နှင့် လူပုဂ္ဂိုလ်များအားလုံး စသည်တို့ ပါဝင်ပါသည်။ ကောင်းမွန်သည့် SSG ဆိုသည်မှာ လုံခြုံရေးကဏ္ဍက နိုင်ငံနှင့် လူသားတို့အတွက် လုံခြုံရေးအား ထိထိရောက်ရောက် တာဝန်ခံ၍ ဆောင်ရွက်ပေးရာတွင် ဒီမိုကရေစီကျသည့် အရပ်ဘက်မှထိန်းချုပ်မှု၊ တရားဥပဒေစိုး မိုးမှုနှင့် လူ့အခွင့်အရေးအားလေးစားမှု အစရှိသည့် မူဘောင်တစ်ခုအတွင်းမှ ပြုလုပ်ဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။

ကောင်မွန်သော SSG အား အစပြုတည်ထောင်ခြင်းသည် **လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး**၏ ရည်မှန်းချက်ပန်းတိုင်ပင်ဖြစ်သည်။ SSR ဟူသည်မှာ လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ ကြီးကြပ်ပေးခြင်း နှင့် စီမံခန့်ခွဲပေးခြင်းတို့ကို ပို၍ထိရောက်၍ ပိုမိုတာဝန်ခံစေခြင်းအ လို့ငှာ ပြုမူရာတွင် ဒီမိုကရေစီကျသည့် အရပ်ဘက်မှထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးအားလေးစားမှု အစရှိသည့် မူဘောင်တစ်ခုအတွင်းမှ ပြုလုပ်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ နှင့် လူသားတို့လုံခြုံရေးကို တိုးတက်စေမည့် နိုင်ငံရေးလုပ်ငန်းစဉ်၊ နည်းစနစ်ဆန်သည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ရည်မှန်းချက်ပန်းတိုင်မှာ ထိရောက် မှုနှင့် တာဝန်ခံမှု နှစ်ခုစလုံးအား တိုးတက်စေရန် ဖြစ်နေသမျှကာ လပတ်လုံး SSR သည် လုံခြုံရေးကဏ္ဍ၏ တစ်စိတ်တစ်ပိုင်း ကိုသာဖြစ်ဖြစ် သို့မဟုတ် ကဏ္ဍတစ်ခုလုံး လည်ပတ်စေသည့် နည်းလမ်းကိုပဲဖြစ်ဖြစ် အဓိကအလေးပေးထား နိုင်ပါသည်။

ယခုကဲ့သို့သော အဓိက အဓိပ္ပာယ်ဖွင့်ဆိုမှုများကို ထပ်ဆင့်သိရှိလိုပါက SSR အခြေခံအကြောင်းအရာ လက်စွဲများဖြစ်ကြသည့် "လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှု"၊ "လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး" နှင့် "လုံခြုံရေးကဏ္ဍ" တို့ကို ကျေးဇူးပြု၍ ကိုးကားပါ။

- ***တရားဝင်ဖြစ်မှု*** - ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု စနစ်တစ်ခုသည် လက်နက်တပ်ဖွဲ့များ၏ လုပ်ကိုင်ဆောင်ရွက်ချက်နှင့် ပတ်သက်၍ စိတ်ချယုံကြည်နိုင်မှု မြင့်မားသော အဆင့်တစ်ခုအတွက် အာမခံပေးပါသည်၊ ထို့ကြောင့် အများပြည်သူ၏ ကိုးစားမှု၊ ယုံကြည်မှုနှင့် တရားနည်းလမ်းဘောင်အတွင်းဝင်ဆံမှု စသည်တို့လည်းတိုးပွားလာပါသည်။

- ***လျှင်မြန်ကောင်းမွန်သည့်တုံ့ပြန်မှု*** - ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု စနစ်တစ်ခုသည် နိုင်ငံ၏ လုံခြုံရေး မူဝါဒများချမှတ်ခြင်း၏ ပိုမို၍ ကိုယ်စားပြုနိုင်ခြင်းနှင့် အားလုံးပါဝင်ဆောင်ရွက်နိုင်ခြင်း လုပ်ငန်းစဉ်များအား ခွင့်ပြုပေးရာ ထို့သို့ပြုလုပ်ခြင်းဖြင့် လုံခြုံရေးအား ဆောင်ရွက်ပေးခြင်းကို အားလုံးသော အမျိုးသားများ၊ အမျိုးသမီးများ၊ ငယ်ရွယ်သော မိန်းကလေးများနှင့် ယောကျ်ားလေးများတို့၏ အသီးသီးမတူညီသော လုံခြုံရေးလိုအပ်ချက်များကို တုံ့ပြန်မှုအား ပိုမိုကောင်းမွန်လာစေပါသည်။

- ***စွမ်းရည်ပြည့်ဝမှု*** - ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု စနစ်တစ်ခုသည် ကာကွယ်ရေးဘတ်ဂျက်များအပေါ် ထိန်းချုပ်မှုနှင့် ပြည်သူ့အရင်းမြစ်များအား မည်သို့အသုံးပြုကြောင်း ကြီးကြပ်ထိန်းချုပ်ခြင်းကို ပေးစွမ်းပါသည်။

- ***တရားဥပဒေ စိုးမိုးမှု*** - ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု စနစ်တစ်ခုသည် တရားဥပဒေစိုးမိုးမှုအောက်ရှိ ဒီမိုကရေစီနည်းကျ အရပ်ဘက်အခွင့်အာဏာအရ လက်နက်ကိုင်တပ်ဖွဲ့များ၏ အထူးအခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို အပ်နှင်း၊ ထိန်းချုပ်ပြီး ကြီးကြပ်သည် တရားနည်းလမ်းကျဖြစ်သော ဖွဲ့စည်းပုံအခြေခံဆိုင်ရာ ဥပဒေမူဘောင်တစ်ခုအပေါ်တွင် အခြေခံထားခြင်းဖြစ်ပါသည်။

- ***တည်ကြည်ဖြောင့်မတ်မှု*** - လက်နက်ကိုင်တပ်ဖွဲ့များအား ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု စနစ်တစ်ခုသည် လုံခြုံရေးကဏ္ဍတွင် အကျင့်ပျက်ခြစားမှုအား တားဆီးနိုင်သည့် အနီးကပ်စောင့်ကြည့်မှုနှင့် ကြီးကြပ်မှုတို့ကို စီစဉ်ပေးပါသည်။

## စစ်တပ်၊ စစ်တပ်ကဲ့သို့တပ်ဖွဲ့ နှင့် အရပ်ဘက်

လက်နက်ကိုင်တပ်ဖွဲ့များကို တစ်ခါတစ်ယံ "စစ်တပ်" ဟုဖော်ပြကြရာ၊ စစ်တပ်တွင်လည်း တစ်ခါတစ်ယံ စစ်တပ်ကဲ့သို့အဖွဲ့များ ပါဝင်တတ်ပါသည်။ စစ်တပ်၊ အရပ်ဘက် နှင့် စစ်တပ်ကဲ့သို့အဖွဲ့အစည်းများမှာ အစဉ်အမြဲ မရှင်းလင်းပဲ အခြေအနေအရပ်ရပ်တွင်း အမျိုးမျိုးအသုံးပြုခြင်းကြောင့် မသဲမကွဲဖြစ်ခဲ့ရပါသည်။ စစ်တပ်အား အရပ်ဘက်အဖွဲ့အစည်းများမှ ခွဲခြားပေးနိုင်သည့် အဓိကပင်၏ကိုယ်လက္ခဏာများမှာ -

- စစ်မက်တိုက်ပွဲအတွက် သေကြေနိုင်သည့် အင်အားအသုံးပြုခြင်းအပေါ် အထူးအလေးပေးခြင်း - တိုက်ပွဲဝင်ခြင်းနှင့် လုံခြုံရေးအတွက် ပြင်ပရန်များအား ရင်ဆိုင်ခြင်း

- လက်နက်ကိုင်ကာ ယူနီဖေါင်းဝတ်သော အမှုထမ်းများဖြစ်ကာ တိုက်ခိုက်မှု၏ တရားဝင်ဦးတည်ရာကိုခံရမည်ဖြစ်ပြီး ၎င်းတို့သည် တာဝန်ထမ်းဆောင်စဉ် သတ်ဖြတ်ရန်နှင့် သတ်ဖြတ်ခံရနိုင်သည့် အချက်ကို လက်ခံထားသည့်သူများဖြစ်ကြပါသည်။
- တင်းကျပ်ပြတ်သားသော စည်းကမ်းများ၊ အဖွဲ့ဝင်အမှုထမ်းများအား မိမိကိုယ်ကို အန္တရာယ်ကျရောက်စေနိုင်သည့် ကွပ်ကဲခြင်းအပါအဝင်ဖြစ်သော

- ဗဟိုစိုးမိုးသည့် ဖွဲ့စည်းပုံနှင့် အထက်မှအောက် အဆင့်ဆင့်ကွပ်ကဲမှု

- နိုင်ငံ၏ နယ်မြေတစ်ဝှမ်းလုံး လွှမ်းခြုံသည့် ရှုပ်ထွေးနက်နဲသည့် ဆက်သွယ်ရေးစနစ်များ

- အရပ်ဘက်ယဉ်ကျေးမှုနှင့် လူမှုအသိုက်အဝန်းမှ သီးသန့်လူ့အဖွဲ့အစည်းဖြစ်နေခြင်း

- စိတ်ဓါတ်ကို အားဖြည့်ထားခြင်း၊ ပုံပမာအဖြစ်နှင့် ဓလေ့အဖြစ်သတ်မှတ်ထားသော လေ့ကျင့်မှုများ

စစ်တပ်နှင့် အရပ်ဘက် လုံခြုံရေးအဖွဲ့များအကြား ကွာခြားမှုသည် အနည်းအများသာရှိပြီး၊ အကြောင်းမှာ အထက်ပါ လက္ခဏာအင်္ဂါရပ်များ အားလုံးမဟုတ်သော်လည်း အချို့မှာ အရပ်ဘက် လုံခြုံရေးအဖွဲ့အစည်းများတွင် ရှိနေသည့်အတွက်ဖြစ်ပါသည်။

"စစ်တပ်ကဲ့သို့တပ်ဖွဲ့" ဆိုသည်မှာ ရှုပ်ထွေးပြီး ဆိုလိုနိုင်သည်မှာ -

- တရားဝင်နှင့် တရားနည်းလမ်းတကျဖြစ်သည့် စစ်တပ်အသွင်လက္ခဏာများရှိသည့် နိုင်ငံပိုင် လုံခြုံရေးဆောင်ရွက်သူ

- သို့မဟုတ် တရားမဝင်ဖြစ်ပြီး တရားနည်းလမ်းနှင့်မညီသည့် အများအားဖြင့် နိုင်ငံမှ ထောက်ပံ့လေ့ရှိပြီး အာဏာရှင်အုပ်ချုပ်မှုနှင့် ပတ်သက်၍ လူ့အခွင့်အရေး လွန်လွန်ကဲကဲချိုးဖောက်သည့် စစ်တပ် တပ်ဖွဲ့များ

စစ်တပ်ကဲ့သို့တပ်ဖွဲ့ ဆိုသည့်စကားလုံးမှာ ရှုပ်ထွေးသည့်အတွက်ကြောင့်နှင့် အင်းအားကို အလွန်အကျွံနှင့် တလွဲအသုံးပြုခြင်းကဲ့သို့ အပျက်သဘောဆောင်သည့် အဓိပ္ပာယ်ရှိသည့်အတွက်လည်း တရားဝင် နည်းလမ်းကျသည့် နိုင်ငံပိုင် လုံခြုံရေးဆောင်ရွက်သူများကို ဖော်ညွှန်းပြောဆိုရာတွင် တစ်ခါတစ်ယံ စစ်တပ်နှင့် အရပ်ဘက် ရောနှောသည့် အသုံးအနှုန်းပါသည့် အခြားအသုံးအနှုန်းများကို အသုံးပြုပါ သည် - ဥပမာ "နစ်ဖွဲ့ပေါင်းတပ်"၊ "အကူ" သို့မဟုတ် "ဗျူဟာ" တပ်ဖွဲ့များ။

## လက်နက်ကိုင်တပ်ဖွဲ့များအား ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှုအတွက် စံပြအင်္ဂါရပ်များကား အဘယ်နည်း?

ဒီမိုကရေစီနိုင်ငံတိုင်းတွင် လက်နက်ကိုင်တပ်ဖွဲ့များအား အပ်နှင်းထားသည့် အထူးအခွင့်ရေးများ၊ တာဝန်ဝတ္တရားများနှင့် ဥပဒေရေးရာကင်းလွတ်ခွင့်များကို မှန်ကန်တရားမျှတမှုရှိစေရန် ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှုသည် အရေးကြီးပါသည်။ ယခုကိစ္စမှာ အထူးပင် အရေးကြီးပါသည် အကြောင်းမှာ ကမ္ဘာတစ်ဝှမ်းရှိ လက်နက်ကိုင်တပ်ဖွဲ့များသည် ပုဂ္ဂိုလ်ရေးအရ၊ အုပ်စုဖြင့်ကြီးစိုးချယ်လှယ်လိုမှုအရနှင့် နိုင်ငံရေးပစ်မှတ်များအရ ယင်းတို့၏လုပ်ပိုင်ခွင့်အာဏာကို တလွဲသုံးချိုးဖောက်ခြင်းအားဖြင့် နိုင်ငံနှင့် ယင်း၏ ပြည်သူလူထုအား အန္တရာယ်ဖြစ်စေခဲ့သည့် ရှည်လျားသော သမိုင်းကြောင်းရှိခဲ့သည့်အတွက်ဖြစ်ပါသည်။ အပြင်းထန်ဆုံးနမူနာများတွင် အာဏာသိမ်းပိုက်ခြင်းနည်းလမ်း ပါဝင်သော နိုင်ငံရေးကိစ္စများတွင် လက်နက်ကိုင်တပ်ဖွဲ့များက ကြားဝင်ခြင်းတွင် ပြည်တွင်းလုံခြုံရေးဆိုသည့် လုပ်ငန်းတာဝန်မှာ ယိုးမယ်ဖွဲ့ကာ အကြောင်းပြချက်ပေးခံရလေ့ရှိပါသည်။ **ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု ထိရောက်သောစနစ်သည် နိုင်ငံနှင့် လူသားတို့၏လုံခြုံရေးအား လက်နက်ကိုင်တပ်ဖွဲ့များက ဆောင်ရွက်ပေးရာတွင် အလွန်အမင်းအားနည်းနေခြင်းနှင့် အလွန်အမင်းစွမ်းအားထက်ခြင်းတို့ မဖြစ်စေရန် သေချာမှုရှိစေပါသည်။**

အခြေနေများတစ်ခုနှင့်တစ်ခု ကွာခြားမှုရှိသည့်အလျောက်၊ လက်နက်ကိုင်တပ်ဖွဲ့များအား ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု၏ စံပြ အင်္ဂါရပ်များတွင် -

– နိုင်ငံလုံခြုံရေးအတွက် ရှင်းလင်းစွာ သတ်မှတ်ထားသည့် အနာဂတ်မျှော်မှန်းချက်၊ ယင်းတွင် ယင်းအနာဂတ်မျှော်မှန်းချက်အား ရရှိနိုင်ရန် လက်နက်ကိုင်တပ်ဖွဲ့များ၏ အခန်းကဏ္ဍအား ရှင်းရှင်းလင်းလင်းနားလည်သိရှိမှုပါဝင်သည့် အားလုံးပါဝင်နိုင်ပြီး နိုင်ငံလုံခြုံရေးမဝါဒတို့အား ရှင်းလင်းစွာဖော်ပြထားသည်။

– ဖွဲ့စည်းပုံအခြေခံ ညွှန်ကြားချက်နှင့် နိုင်ငံတကာဥပဒေများအားလေးစားမှုတို့အရ အရည်အချင်းရှိသည့် စစ်တပ်၊ အရပ်ဘက်မှ အကြံပေးမှုများ၊ စိတ်ချနိုင်သည့် ထောက်လှမ်းရေးအချက်အလက်များ စသည်တို့အပေါ်တွင် အခြေခံကာ ရွေးကောက်ခံ (သို့) တော်မှန်စွာခန့်အပ်ခံ အရပ်ဘက် ကိုယ်စားလှယ်များက ဆုံးဖြတ်သည့် လုံခြုံရေးဆိုင်ရာဦးစားပေးမှုများနှင့် မူဝါဒများ

– ညှိနှိုင်းဆောင်ရွက်ခြင်းလုပ်ငန်းတာဝန်နှင့် အကြံပေးလုပ်ငန်းတာဝန်တို့ရှိသည့် အသက်ဝင်သည့် အားလုံးအားကိုယ်စားပြု အသိဉာဏ်ကြွယ်သည့် နိုင်ငံလုံခြုံရေးအဖွဲ့

– လက်နက်ကိုင်တပ်ဖွဲ့များအတွက် ဖွဲ့စည်းပုံအခြေခံ အမိန့်ညွှန်ကြားချက်ကို လက်ကိုင်ထားမှုအပေါ်အခြေခံကာ နိုင်ငံတကာဥပဒေများနှင့်အညီဖြစ်သော တရားဥပဒေပြဋ္ဌာန်းချက်ပါ လုပ်ငန်းတာဝန်များ၊ ပါဝင်ဆောင်ရွက်လုပ်ကိုင်မှုများနှင့် ကန်ပိန်းလှုပ်ရှားမှုများ

– လုံခြုံရေးဥပဒေပြဋ္ဌာန်းမှု၊ မူဝါဒနှင့် ကာကွယ်ရေးဘတ်ဂျက်များအပေါ် လွှတ်တော်၏ကြီးကြပ်ထိန်းချုပ်မှု

– လွှတ်လပ်သည့် စာရင်းစစ်လုပ်ငန်းပါဝင်သည့် နည်းအားဖြင့် ကာကွယ်ရေးအသုံးစာရိတ်ချပေးခြင်းနှင့် ပစ္စည်းဝယ်ယူရေးတို့အတွက် ပွင့်လင်းမြင်သာမှုနှင့် စွမ်းရည်ပြည့်ဝအကျိုးရှိမှုတို့အား ပေးစွမ်းမည့် ဘဏ္ဍာအပိုင်းအရကြီးကြပ်ထိန်းချုပ်မှုစနစ်

– နိုင်ငံလုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ စစ်ဦးစီးချုပ်နှင့် အကြံပေးအဖွဲ့ စသည်တို့အပါအဝင် ပြည်သူ့ကဏ္ဍစီမံခန့်ခွဲမှုနှင့် စီမံအုပ်ချုပ်မှုဆိုသည့် အလွှာအားဖြင့် နိုင်ငံ့အကြီးအကဲနှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုအပိုင်းအကြီးအကဲတို့အကြား အဖွဲ့အစည်းဆိုင်ရာဖြင့် စည်းခွဲပိုင်းခြားထားခြင်း

– လက်နက်ကိုင်တပ်ဖွဲ့များ၏ အစိတ်အပိုင်းများအချင်းချင်းနှင့် လုံခြုံရေး၊ တရားရေးနှင့် ကာကွယ်ရေး စသည့်ကဏ္ဍတို့အကြား ပွတ်တိုက်မှုများအား ထိန်းကျောင်းပေးရန် ကွပ်ကဲမှု၊ ညှိနှိုင်းမှုနှင့် ဆက်သွယ်ဆက်ဆံမှု စနစ်ယန္တရားများ

– အရပ်ဘက်ကျွမ်းကျင်ပညာရှင်များ၊ လွှတ်တော်ကော်မတီများ၊ ပြည်သူ့ရေးရာစုံစမ်းစစ်ဆေးရေးအဖွဲ့များနှင့် စစ်ဘက်တရားရေးစနစ်များအပါအဝင် တရားရေးကဏ္ဍတွင်း လုပ်ကိုင်ဆောင်ရွက်သူများစသည့် ထိရောက်သော တာဝန်ခံမှုရှိသည့် အရပ်ဘက်စီမံခန့်ခွဲမှုနှင့် လွတ်လပ်သော ကြီးကြပ်ရေးအာဏာပိုင်များ

– လွတ်လပ်သော အရပ်ဘက်ပညာရှင်များ၊ ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၊ သုတေသနပညာရှင်များ၊ လူ့အခွင့်အရေးလှုပ်ရှားသူများ၊ သတင်းမီဒီယာ၊ အမျိုးသမီးများဆိုင်ရာအဖွဲ့များနှင့် လှုပ်ရှားဆောင်ရွက်သည့်အဖွဲ့များဖြစ်သည့် ဝန်ထမ်းနှင့် စစ်ပြန် အသင်းများ၊ အခြားအလားတူအဖွဲ့များ စသည်တို့ပါဝင်ကြသည့် လူမှုအဖွဲ့အစည်းတွင်း နိုင်ငံလုံခြုံရေးအကြောင်းဆွေးနွေးပြောဆိုမှုများ

– လုံခြုံရေးဆိုင်ရာ မူဝါဒချမှတ်ရေး လုပ်ငန်းစဉ်များနှင့် အမျိုးသားများ၊ အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် ငယ်ရွယ်သောယောကျာ်းလေးများ အားလုံးတို့၏ မတူကွဲပြားသည့် လုံခြုံရေးလိုအပ်ချက်များကို တတ်နိုင်သလောက်ကျယ်ကျယ်ပြန့်ပြန့် တုံ့ပြန်ဆောင်ရွက်ပေးနိုင်သည့် လက်နက်ကိုင်တပ်ဖွဲ့များ၊ ပြည်သူလူထု၏ လူမှုအသိုင်းအဝိုင်းကွဲပြားမှုများအား ကိုယ်စားပြုမှု

– အရပ်ဘက်နှင့် စစ်ဘက် တရားရေးစနစ်များကို လွှမ်းခြုံနိုင်သည့် ပြည်တွင်းဥပဒေနှင့် နိုင်ငံတကာသဘောတူညီချက်များကို ချိုးဖောက်မှုများအတွက် ရှင်းလင်းသည့် ပြစ်ဒဏ်ပေးစည်းကမ်းထိန်းသိမ်းရေး စနစ်ယန္တရား

တို့ပါဝင်ပါသည်။

နိုင်ငံတိုင်း၏ စနစ်ယန္တရားသည် ကွဲပြားကြသော်လည်း ပုံ(၁)တွင် ပြသပေးသည်မှာ လက်နက်ကိုင်တပ်ဖွဲ့များအပေါ်တွင် ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှုဆိုင်ရာ အချို့သော ယေဘုယျဆန့်သည့် အင်္ဂါရပ်များဖြစ်ပါသည်။

ပုံ(၁) လက်နက်ကိုင်တပ်ဖွဲ့များအား ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှုအတွက် စံပြဖြစ်သည့် ဖွဲ့စည်းမှုဆိုင်ရာ အချို့သောအင်္ဂါရပ်များ



## ထိရောက်သော ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှုအား လက်နက်ကိုင်တပ်ဖွဲ့များက မည်သို့အကျိုးပြုသနည်း?

**ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု ထိရောက်သောစနစ်သည် လက်နက်ကိုင်တပ်ဖွဲ့များကို အဖွဲ့အစည်းပြင်ပမှ ကြီးကြပ်ထိန်းချုပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းသာမကပဲ အဖွဲ့အစည်းတွင်း ထိန်းချုပ်မှုနှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ ဖွဲ့စည်းထားပုံတို့အပေါ်တွင် မူတည်နေပါသည်။**

လက်နက်ကိုင်တပ်ဖွဲ့များအား အဖွဲ့အစည်းတွင်း ထိန်းချုပ်မှုစနစ်များတွင် -

- လူ့အခွင့်အရေးအားနှင့် တရားဥပဒေစိုးမိုးမှုတို့အား လေးစား၍ လုပ်ငန်းများအား ဆောင်ရွက်ထမ်းဆောင်ရန် သင့်တော်သော မူဝါဒများ၊ ကျင့်ဝတ်များ၊ လေ့ကျင့်သင်ကြားမှုများ၊ အရင်းအမြစ်များနှင့် အဖွဲ့စည်းဆိုင်ရာထောက်ကူမှု

- တစ်ဦးတစ်ယောက်ချင်းတာဝန်နှင့် ကွပ်ကဲမှုတာဝန်တို့အား ပေါင်းစပ်ခြင်းဖြင့် ထိရောက်သော ကွပ်ကဲမှုအဆင့်ဆင့်၊ ထို့ပြင် အမိန့်ပေးမှုများသည် ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေများနှင့်အညီ ဖြစ်ရန် သေချာစေရပါသည်။

- စစ်တပ်စည်းကမ်းဥပဒေလိုအပ်ချက်များဖြင့် တာဝန်ခံခြင်းနှင့် တရားရေးတို့အား ဟန်ချက်ညီစေသည့် စစ်ဘက်တရားရေးစနစ်

- တရားမဝင်သည့် အမိန့်ပေးမှုများကို ငြင်းဆန်နိုင်သည့်အခွင့်အရေး နှင့် ခွဲခြားဆက်ဆံခြင်းမပြုသည့် လုပ်ငန်းခွင်အား မွေးမြူအားပေးခြင်း စသည်တို့အား အသိအမှတ်ပြုခြင်းဖြစ်သော အဖွဲ့အစည်းတွင်း ကြီးကြပ်ထိန်းချုပ်မှုနှင့် တိုင်ကြားရေး စနစ်တစ်ခု

- အရည်အချင်းအပေါ်အခြေခံသည့် ဆောင်ရွက်ချက်အားအကဲဖြတ်မှုအားဖြင့် လူသစ်ခေါ်ယူခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် ရာထူးတိုးပေးခြင်းစနစ်၊ ထို့ပြင် လိင်ပိုင်းဆိုင်ရာ၊ လူမျိုးရေး သို့မဟုတ် လူမှုရေးအခြေအနေ အပေါ်မူတည်ကာ ခွဲခြားမှုများကင်းရှင်းသည့်စနစ်

- အဆင့်အတန်းအမျိုးမျိုးရှိသူများ၏ လူ့အခွင့်အရေးအား ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ တာဝန်များ၊ တာဝန်ရှိခြင်းများ နှင့် တာဝန်သိခြင်းများကို ခိုင်မာစွာသေချာစွာ နားလည်သိရှိခြင်း

- အရပ်ဘက်အာဏာပိုင်များလက်အောက် တာဝန်ဝတ္တရားများ၊ ထို့ပြင် ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးအား လေးစားခြင်း စသည်တို့အား နားလည်သိရှိခြင်း

## လက်နက်ကိုင်တပ်ဖွဲ့များအပေါ် SSR က မည်သို့အကျိုးသက်ရောက်မှုရှိသနည်း?

လက်နက်ကိုင်တပ်ဖွဲ့များအပေါ်တွင် ကောင်းမွန်သော SSG ၏ အခြေခံမူများအား သက်ရောက်စေခြင်းသည် လက်နက်ကိုင်တပ်ဖွဲ့များ၏ ကာကွယ်ရေးကဏ္ဍနှင့် လုံခြုံရေးကဏ္ဍတွင်းရှိ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများအားလုံးကို တစ်ပေါင်းတစ်စည်းတည်းအဖြစ် ယူမှတ်သည့် အားလုံးစုစည်းပါဝင်သည့်နည်းလမ်းဖြင့် ပြုပြင်ပြောင်းလဲရန် လိုအပ်ပါသည်။ SSR သို့သွားရာလမ်းဝယ် ဘက်စုံပါဝင်သော တစ်ပေါင်းတစ်စည်းနည်းလမ်း၏ တစ်စိတ်တစ်ဒေသအဖြစ် ကာကွယ်ရေးအား ပြုပြင်ပြောင်းလဲရေးသည် ဒီမိုကရေစီနည်းကျ နိုင်ငံရေးစနစ် အခြေအနေများလက်အောက်တွင် မဟာဗျူဟာမြောက်မူဝါဒအဆင့်၊ အဖွဲ့အစည်းအဆင့်၊ တပ်ခွဲတပ်စုအဆင့် နှင့် စစ်သည်တို့ပြုမူဆောင်ရွက်ပုံအဆင့်တို့တွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ လှုပ်ရှားလည်ပတ်မှုကို ပြောင်းလဲစေပါသည်။

**SSR အခင်းအကျင်းလက်အောက်တွင် ကာကွယ်ရေးအား ပြုပြင်ပြောင်းလဲရေးသည် အထူးသီးသန့်အခြေအနေဖြစ်ပါသည်၊ အကြောင်းမှာ SSR က ထိရောက်စွမ်းရည်ပြည့်ဝမှုနှင့် တာဝန်ခံမှု နှစ်မျိုးစလုံးအား တိုးတက်စေရန် ပစ်မှတ်ထားသည့်အတွက်ဖြစ်ပါသည်။** နည်းပညာအပြောင်းအလဲနှင့် သီးခြားလေ့ကျင့်သင်ကြားမှု ပစ္စည်းကိရိယာ အစရှိသည့်တို့အပေါ် သီးခြားအလေးပေးသည့် အခြားသော ပြုပြင်ပြောင်းလဲရေးအမျိုးအစားများကို တစ်ခါတစ်ယံ "လုံခြုံရေးအထောက်အကူ" သို့မဟုတ် "ခေတ်မီစေရန်ဆောင်ရွက်" စသည်ဖြင့်ခေါ်ဆိုကြပြီး၊ လုံခြုံရေးအပေါ် အုပ်ချုပ်မှုအခြေအနေအခင်းအကျင်းတစ်ခုဖြင့် လက်နက်ကိုင်တပ်ဖွဲ့များ လှုပ်ရှားလည်ပတ်ရမည်ဆိုသည်ကို ထည့်သွင်းစဉ်းစားခြင်းမရှိသည့်အတွက် ယင်းကဲ့သို့သော ပြုပြင်ပြောင်းလဲရေးများမှာ SSR နှင့် သဟဇာတဖြစ်ခြင်းမရှိပါ။ တာဝန်ခံမှုအား ဥပက္ခာပြုသည့် ပြုပြင်ပြောင်းလဲရေးများသည် နိုင်ငံနှင့် ယင်း၏ပြည်သူလူထုအား အန္တရာယ်တွင်းသို့သက်ရောက်စေကာ ယင်း၏လုပ်ပိုင်ခွင့်ကို ချိုးဖောက်တလွဲဆောင်ရွက်မည့် အင်အားတပ်ဖွဲ့တစ်ခုအား လုပ်ပိုင်ခွင့် အပ်နှင်းခြင်းဆိုသည့် အန္တရာယ်များသော အခြေအနေသို့ ကျရောက်စေမည်ဖြစ်ပါသည်။

SSR တွင်ပါဝင်သည့် အပြောင်းအလဲပမာဏသည် ပြုပြင်ပြောင်းလဲရေး အခြေအနေတစ်ခု၏ သီးခြားလိုအပ်ချက်များအပေါ်တွင် မူတည်နေပါသည်။ ဥပမာ နိုင်ငံ၏ လုံခြုံရေးမူဝါဒအား ပုံမှန်ပြန်လည်သုံးသပ်မှု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် လက်နက်ကိုင်တပ်ဖွဲ့များအတွက် ပုံမှန် တိုးတက်မှုများပါဝင်သည့် ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု လက်ရှိစနစ်အခြေအနေများလက်အောက်တွင် ကာကွယ်ရေးအား ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်နိုင်ပါသည်။ ဒီမိုကရေစီသို့ ကူးပြောင်းဆဲကာလ အခြေအနေများအောက်တွင် SSR သည်လည်း ယခင်ကမရှိသည့် ဒီမိုကရေစီနည်းကျ အရပ်ဘက်ထိန်းချုပ်မှု မူဘောင်တစ်ရပ်အား မတည်ပေးသည့် ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ခု ဖြစ်နိုင်ပါသည်။ ပဋိပက္ခလွန်မြောက်ပြီး အခြေအနေအရပ်ရပ်တွင် ကာကွယ်ရေးအား ပြုပြင်ပြောင်းလဲခြင်းသည် အထူးသဖြင့် ခရီးရောက်အရေးပါသည့်အကြောင်းမှာ လက်နက်ကိုင်တပ်ဖွဲ့များ၏ ဖွဲ့စည်းပုံနှင့် လှုပ်ရှားလည်ပတ်ပုံ အခြေခံအရင်းအမြစ်တို့၏ အပြောင်းအလဲသည် ပဋိပက္ခတားဆီးကာကွယ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့အတွက် အရေးပါသည့် အစိတ်အပိုင်းဖြစ်သည့်အတွက်ဖြစ်ပါသည်။ ယင်းကဲ့သို့သော ကွဲပြားသည့် အခြေအနေအရပ်ရပ်များအကြား ပြုပြင်ပြောင်းလဲရေးအတွက် ဖြစ်နိုင်ခြေအတိုင်းအတာ၊ အရင်းအမြစ်များနှင့် အချိန်လိုအပ်ချက်များသည် ကွာခြားပါသည်၊ သို့သော် SSR က ဖြစ်မြောက်စေရန် ပစ်မှတ်ထားသည့် ကောင်းမွန်သည့် SSG ၏ အခြေခံမူများကတော ကွာခြားပြောင်းလဲခြင်းမရှိပါ။

ကောင်းမွန်သည့် SSG နှင့် SSR တို့အကြောင်း ထပ်ဆင့်သိရှိလိုပါက SSR အခြေခံအကြောင်းအရာလက်စွဲများဖြစ်ကြသည့် "လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး"၊ "လုံခြုံရေးကဏ္ဍအပေါ် အုပ်ချုပ်မှု" နှင့် "ကျား-မ တန်းတူညီမျှရေးနှင့် လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့် အုပ်ချုပ်ရေး" စသည်တို့အာကျေးဇူးပြု၍ ကြည့်ပါ။

## Further resources

*For further details on the changing roles and responsibilities of armed forces:*

- Albrecht Schnabel and Marc Krupanski
  **Mapping Evolving Internal Roles of the Armed Forces**
  SSR Paper 7 (Geneva: DCAF, 2012).

- Cornelius Friesendorf
  **The Military and Law Enforcement in Peace Operations**
  (Munster: LIT Verlag, 2010).

- Cornelius Friesendorf
  **International Intervention and the Use of Force: Military and Police Roles**
  SSR Paper 4 (Geneva: DCAF, 2012).

*For further details on defence reform from the perspective of SSG:*

- UN SSR Taskforce
  **Democratic Governance of the Security Sector**
  in Security Sector Reform Integrated Technical Guidance Notes (United Nations, 2012, pp. 91-116).

- OECD Development Assistance Committee
  **Section 7.2: Defence Reform**
  in OECD DAC Handbook on Security System Reform: Supporting Security and Justice (Paris: Organisation for Economic Cooperation and Development, 2007, pp. 124-139).

- Cheryl Hendricks and Lauren Hutton
  **Tool 3: Defence Reform and Gender**
  in Gender and Security Sector Reform Toolkit, Megan Bastick and Kristin Valasek (eds)
  (Geneva: DCAF, OSCE/ODIHR, UN-INSTRAW, 2008).

*For more resources on improving oversight of the armed forces in the context of democratic civilian control and good SSG:*

- Trust Fund for Integrity Building
  **Integrity Self-Assessment Questionnaire: A Diagnostic Tool for National Defence Establishments**
  (DCAF, Geneva, 2012).

- Mindia Vashakmadze
  **Guidebook: Understanding Military Justice**
  Toolkit: Legislating for the Security Sector 5.1
  (Geneva: DCAF, 2010).

- Hans Born, Benjamin Buckland and William McDermott
  **Capacity Development and Ombuds Institutions for the Armed Forces**
  (Geneva: DCAF, 2014).

- Megan Bastick
  **Integrating a Gender Perspective into Internal Oversight within Armed Forces**
  (Geneva: DCAF, OSCE, OSCE/ODIHR, 2014).

- Hans Born and Ian Leigh
  **Handbook on Human Rights and Fundamental Freedoms of Armed Forces Personnel**
  (OSCE/ODIHR, 2008).

## More DCAF SSR resources

- DCAF publishes a wide variety of tools, handbooks and guidance on all aspects of SSR and good SSG, available free-for-download at **www.dcaf.ch**
  Many resources are also available in languages other than English.

- The DCAF-ISSAT Community of Practice website makes available a range of online learning resources for SSR practitioners at **http://issat.dcaf.ch**

**Geneva Centre for the Democratic Control of Armed Forces (DCAF)** သည် ကမ္ဘာအရပ်ရပ်ရှိနိုင်ငံများကို ကောင်းမွန်သောအုပ်ချုပ်မှုကို လက်ကိုင်ပြုလုပ်ဆောင်ရွက်ရေးနှင့် လုံခြုံရေး ကဏ္ဍအား ပြုပြင်ပြောင်းလဲရေးတို့ကို ကူညီပံ့ပိုးရန် ရည်ရွယ်သော နိုင်ငံတကာ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ DCAF သည် သတ်မှတ်ချက်များနှင့် စံချိန်စံနှုန်း များကို ဖန်တီးပြုလုပ်ခြင်းနှင့် မြှင့်တင်ပေးခြင်း၊ လိုအပ်ချက်နှင့် ကိုက်ညီမှု ရှိသော မူဝါဒများဖြစ်ပေါ်လာရေး အတွက် သုတေသနပြုခြင်း၊ ဒီမိုကရေစီစံနှုန်းနှင့် အညီဖြစ်သော လုံခြုံရေးကဏ္ဍအား စီမံအုပ်ချုပ်မှုကို အထောက်အကူပြုရန်အတွက် ကောင်းမွန်သော အလေ့အကျင့်များနှင့် အကြံပြုချက်များကို ခွဲခြားရွေးထုတ်ပေးခြင်းနှင့် နိုင်ငံအတွင်းသို့သွားရောက်၍ အကြံပြုချက်ပေးခြင်းဖြင့် ကူညီထောက်ပံ့ခြင်းနှင့် လက်တွေ့အသုံးချမှုအတွက် ကူညီထောက်ပံ့မှုဆိုင်ရာ အစီအစဉ်များကို စီစဉ်လုပ်ဆောင်ပေးခြင်းတို့ကို လုပ်ဆောင်ပါသည်။

ထုတ်လုပ်မှုနှင့် ဒီဇိုင်းပုံစံအတွက် လုပ်ဆောင်ပေးသော Petra Gurtner
အင်္ဂလိပ်ဘာသာဖြင့်ပုံနှိပ်ထုတ်ဝေမည့် ရေးသားထားမှုကို တည်းဖြတ်ပေးသော
Cherry Ekins
ပြင်သစ်ဘာသာဖြင့်ပုံနှိပ်ထုတ်ဝေမည့် ရေးသားထားမှုကို တည်းဖြတ်မှုပေးသော
Lynda Chenaf
ပြင်သစ်ဘာသာသို့ဘာသာပြန်ဆိုပေးသော Linda Machata နှင့်
App ရေးဆွဲဖန်တီးပေးသော Fernando Colaco တို့အား **DCAF မှကျေးဇူးတင်ရှိပါသည်။**

**အကြောင်းအရာစဉ်ကိုတည်းဖြတ်သူ**
Fairlie Chappuis

**ဤပုံနှိပ်ထုတ်ဝေမှုကို အကိုးအကားပြုလုပ်ရန်**
Geneva Centre for the Democratic Control of Armed Forces, “Parliaments”, SSR Backgrounder Series (Geneva: DCAF, 2015)

© DCAF ၊ လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး နောက်ခံသမိုင်းအကျဉ်းချုပ်များကို www.dcaf.ch တွင်အခမဲ့ရယူနိုင်ပါသည်။ ရယူအသုံးပြုသူများသည် ဤအချက်အလက်ကို မိတ္တူပွားဖြန့်နိုင်သော်လည်း DCAF မှရရှိကြောင်းကို အသိအမှတ်ပြုဖော်ပြရမည်ဖြစ်သည်။ အကျိုးစီးပွားရှာရန်အတွက် အသုံးချမှုမပြုရ။

## Notes

DCAF

a centre for security,
development and
the rule of law

Geneva Centre for the Democratic Control
of Armed Forces (DCAF)
P. O. Box 1360
CH-1211 Geneva 1
Switzerland

Read the SSR Backgrounders online or
download the free SSR Backgrounders app
for smartphones and tablets at
**www.ssrbackgrounders.org**